အငေးအနီး အရေးမကြီးပါ။ အရေးကြီးသည်မှာ...

"နီးတကျက်ကျက် ဝေးတစ်သက်" ဟူသော မြန်မာစကားပုံ တစ်ခုရှိ၏။ လူတို့သည် နီးနေသည့် အခါတွင် အချင်းချင်း အဆင်မပြေဖြစ်ကာ မကြာခဏ ခိုက်ရန်ဖြစ်လျက် တကျက် ကျက်ဖြင့် မတည့်ဖြစ်ကြသော်လည်း ဝေးနေသည့် အခါတွင် ကား သံယောဇဉ်တရားဖြင့် အချင်းချင်း စောင့်ရှောက်ကာ အစဉ်ထာဝရ တစ်သက်သာ ချစ်တတ်ကြကြောင်း ဆိုလိုခြင်း ဖြစ်ပေ၏။ မှန်၏။ လူအတော်များများသည် အဝေးပေါင်း ကောင်းလှ၏။ ခဏတာကြုံတွေ့ကြသည့် အခိုက်အတန့်တွင် အဆင်ပြေပြေ ရှိလှ၏။ သူ့အကြောင်း ကိုယ်မသိ ကိုယ့် အကြောင်း သူမသိကြသဖြင့်လည်း ကြီးကြီးမားမား ပြဿနာ မရှိလှပေ။ အတူတကွ အနီးတွင် နေကြသည့်အခါတွင်ကား တစ်လပင် မပြည့်သေး အဆင်မပြေမှုများက စလာခဲ့၏။ အနေနီးသဖြင့် မတူညီသည့် အကျင့်စရိုက်များကို သိခွင့် ရလာ၏။ စရိုက် မတူသည့်အပြင် အလိုက်လည်း မတူ၊ အကြိုက်လည်း မတူကြသဖြင့်လည်း အခိုက်ပင်ဖြစ်သော်ငြား မကြိုက်လိုသည့် သဘောများက တစ်ဦးနှင့်တစ်ဦးကြား အထင်အရှား ဖြစ်လာခဲ့ကြ၏။ သို့ဖြင့် တကျက်ကျက်နှင့် မတည့်အတူ နေကြရသည့် အဖြစ်သို့ ရောက်သွားခဲ့ကြ၏။

သို့ဆိုလျှင် ဤသို့ အချင်းချင်း အဆင်မပြေ တကျက်ကျက် ဖြစ်ကြခြင်းသည် အနေနီးသဖြင့် ဖြစ်ကြခြင်းလော...၊ အနေ ဝေး သူများသည် အမှန်စင်စစ် တစ်သက်တာ ချစ်နိုင်ကြ၏ လော စသဖြင့် တွေးစရာ ဖြစ်လာ၏။ တစ်ဦးနှင့် တစ်ဦး တစ်သက်တာ ချစ်နိုင်စေရန် ဝေးနေရမည်လော၊ သို့မဟုတ် ဝေးဝေး နေကာ တစ်သက်တာ ချစ်ကြည့်ကြမည်လော စသဖြင့်လည်း စဉ်းစားဖွယ် ဖြစ်ပါ၏။ အချို့က ဤသို့ ဖြစ်ခြင်းသည် မည်သူမည်ဝါကြောင့် ဖြစ်သည်၊ မည်သည့် နေရာတွင် ရောက်နေ၍ဖြစ်သည် စသဖြင့် ဆိုတတ်၏။

အမှန်စင်စစ် ထိုသို့ဖြစ်ခြင်းသည် နေရာဒေသ အဝေးအနီး စသည်များကြောင့် မဟုတ်ပေ။ လူတစ်ဦးချင်းတွင် ရှိနေ သည့် မကောင်းသည့် အရာများကြောင့်သာ ဖြစ်ပါ၏။ ယေဘုယျအားဖြင့် လူသည် အတ္တကြီးသူ ဖြစ်၏။ အရာရာ တွင် မိမိအတွက်သာ ကြည့်တတ်၏။ ထို့အတူ မာနလည်း ကြီး၏။ အရာရာတွင် မိမိသာ အမှန်ဟု တစ်ယူသန်တတ်၏။ ထို့အပြင် ဣဿာ၊ မစ္ဆရိယလည်း အားကြီး၏။ မိမိထက်သာ လျှင် မနာလိုဖြစ်ပြီး မိမိနှင့် ပတ်သက်သည်များတွင် ဂန်တို တတ်၏။ ထိုသို့ အတ္တ၊ မာန၊ ဣဿာ၊ မစ္ဆရိယတရားများ အားကြီးသဖြင့် လူသည် အချင်းချင်း အပြိုင်အဆိုင် အနိုင် လိုကြ၏။ ပြိုင်လာပြီဆိုလျှင်ကား မှားသည်မှန်သည် မခွဲခြား ဘဲ အလွဲသွားတတ်မြဲ ဖြစ်၏။ မိမိပြိုင်လျှင် တစ်ဘက်က လည်း ပြိုင်လာမည် ဖြစ်သဖြင့် နှစ်ဘက်ပြိုင်ဖြစ်ကာ မရှက် နိုင်ဘဲ အနိုင်ကြိတ်တတ်ကြ၏။ ဤသို့ဖြင့် လူတို့သည် တစ်ဦးနှင့် တစ်ဦး ကြည့်မရသည့် အဖြစ်သို့ ရောက်ကြရ၏။

အရင်းစစ်လျှင် လူအချင်းချင်း အဆင်မပြေ ဖြစ်ကြခြင်းသည် အနေးနီး၍ မဟုတ်သကဲ့သို့ အနေဝေး၍လည်း မဟုတ်ပေ။ လူတိုင်းလူတိုင်း တစ်ဦးချင်းတွင် ရှိနေကြသည့် အတ္တ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသည့် တရားများကြောင့်သာ ဖြစ်ပေ၏။ အထူးသဖြင့် မေတ္တာတရား ခေါင်းပါး၍သာ ဖြစ်ပေ၏။ လူသည် အတ္တ၊ မာနစသည် အားကြီးလာလျှင် အပြိုင်အဆိုင် ပြုတတ်သော်လည်း မေတ္တာတရား ရှိနေသေးလျှင် ထင် သလောက် အဆိုးကြီး မဖြစ်တတ်ပေ။ မေတ္တာတရားပါ ခေါင်းပါးလာလျှင်ကား မေတ္တာမယှဉ်သည့် အတ္တမာန ဒေါသ တရားများဖြင့်သာ လူသည် အဆုံးစွန် အဆိုးဆုံး အထိ

ပေါက်ကွဲသွားတတ်၏။ မေတ္တာတရားမရှိလျှင် ပြိုင်ဆိုင်မှုကို တွန်းအားပေးတတ်သကဲ့သို့ မေတ္တာတရား ထားနိုင်ကြလျှင် ပြိုင်ဆိုင်မှုများ ကင်းပသွားတတ်၏။ အပြိုင်ကင်းလျှင် အဆင်မပြေမှု ကင်းနိုင်သကဲ့သို့ အဆင်မပြေမှု ကင်းနေလျှင် အတူတွဲကာ မြဲလာကြမည်သာ ဖြစ်ပါ၏။

မစိုးရိမ်ဆရာတော်ကြီး၏ မေတ္တာနှင့် စပ်လျဉ်းသည့် ဆုံးမ စကားလေးကို သတိရမိ၏။ ဆရာတော်ကြီးက "တန်းတူတွေ့ လျှင်၊ မေတ္တာဂင်၊ မဂင်နိုင်က၊ ပြိုင်တတ်တယ်။ ပြိုင်မယ့် အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါမယ်"ဟု ဆုံးမ ပေးထား၏။ ပုထုဇဉ်ပုဂ္ဂိုလ်များ အဖို့ မေတ္တာတရားသည် အထူးလိုအပ်၏။ မေတ္တာ၏ သဘောသည် ချစ်ခြင်း၊ အကျိုး လိုလားခြင်း သဘောကို ညွှန်းဆိုသကဲ့သို့ မေတ္တာစစ် မေတ္တာ မှန်သည် အကြားမရှိခြင်း၊ အခြားမရှိခြင်း လက္ခဏာကို ဆောင်၏။ မေတ္တာရှိနေလျှင် တစ်ဦးနှင့်တစ်ဦး အကျိုး စီးပွားကို ဆောင်နေကြမည်ဖြစ်ကာ မည်သူမည်ဂါ စသည် ခွဲခြားမှု မရှိသဖြင့် မည်သူနှင့်ဖြစ်စေ ငြင်းခုံခိုက်ရန် ဖြစ်ဖွယ်မရှိ အရာရာတွင် အဆင်ပြေပြေ ရှိနေကြမည်သာ ဖြစ်၏။ မေတ္တာဓာတ်များ ရှိနေလျှင် အနီးနေသူများနှင့်လည်း အဆင်ပြေသကဲ့သို့ အဝေးနေသူများနှင့်လည်း အဆင်ပြေ နေကြမည်သာ ဖြစ်ပါ၏။

မျက်မှောက်ခေတ် လူအတော်များများ တစ်ဦးနှင့်တစ်ဦး အဆင်မပြေမှုများနှင့် ငြင်းခုံခိုက်ရန် ဖြစ်မှုများ အဖြစ်များ ကြခြင်းသည် မေတ္တာတရား ခေါင်းပါးကြ၍သာ ဖြစ်၏။ တစ်ဦးနှင့် တစ်ဦး မေတ္တာမရှိကြသည့်အခါ ချစ်တာလည်း မရှိကြဘဲ သစ္စာပါ မသိကြသည်အထိ ဖြစ်ကုန်တတ်၏။ အတူ နေ အနေနီးသူအချင်းချင်း အကျိုးလိုလားမှု မေတ္တာ ကင်း လာကြသည့်အခါ အဆိုးကိုသာ ဖြစ်စေတတ်ကြ၏။ တစ်ဦး တစ်ယောက်အပေါ်တွင် မေတ္တာမရှိ ဖြစ်လာလျှင်ကား ထိုသူ မည်သို့ပင် ကောင်းနေပါစေ အကောင်း မမြင်တတ်ဘဲ ဖြစ်တတ်၏။ အကောင်းမမြင်လျှင် မကောင်းထင်တတ်ပြီး အစောင်းအမြင်ဖြင့် မပေါင်းချင်သည်အထိ ဖြစ်လာတတ်၏။ ထို့အတူ အနေဝေးသူများ အချင်းချင်းလည်း မေတ္တာကင်း ခြင်း မဖြစ်ကြရန် လိုအပ်လှ၏။ မေတ္တာဖြင့် နေနေကြလျှင်၊ မေတ္တာပို့ကာ အကျိုးကို လိုးလားနေကြလျှင် ဝေးနေသော် လည်း နီးနေတတ်ကြ၏။ မေတ္တာသည် မရောက်နိုင်သည့် နေရာမရှိသကဲ့သို့ မဖောက်နိုင်သည့် အရာလည်း မရှိလှပေ။ စစ်မှန်သည့် မေတ္တာစိတ်ဖြင့် မေတ္တာဓာတ်များ ထားနိုင် ကြမည် ဆိုပါက မေတ္တာဓာတ်ဖြင့် မထွန်းပေါက်နိုင်သည့် အရာ၊ မေတ္တာရောင်ဖြင့် ရောင်ပြန်မဟပ်နိုင်သည့် အရာ မရှိသည်သာ ဖြစ်ပါ၏။ ထို့ကြောင့် အနေနီးသူများ ဖြစ်စေ၊ အနေဝေးသူများပင် ဖြစ်စေ မေတ္တာဓာတ်ဖြင့် ချစ်ခင်ခြင်း နှင့် အကျိုးလိုလားခြင်းကို တည်ဆောက်ကာ ချမ်းသာမှုကို ရယူကြရန် တိုက်တွန်းကြခြင်း ဖြစ်ပါ၏။

မေတ္တာခြံလျှင် လုံနိုင်သကဲ့သို့ မေတ္တာအားကြီးလျှင် ရန်သူ ပင်လျှင် မိတ်ဆွေဖြစ်ကာ နူးညံ့ပျော့ပြောင်း လာတတ်၏။ မေတ္တာစစ် မေတ္တာမှန်သည် ရန်သူမိတ်ဆွေ မခွဲခြား သဖြင့် လည်း စစ်မှန်သည့် စေတနာဖြင့် အသေချာ ပွားနိုင်လျှင် မိမိအပေါ် မလိုမုန်းထားသူကိုပင် အပြုံးအားဖြင့် အနိုင်ယူ နိုင်၏။ မေတ္တာခြံထားသူကို မည်သို့သော သူကပင် အနိုင် ရအောင် မတိုက်ခိုက်နိုင်၊ မလွှမ်းမိုးနိုင်ပေ။ မေတ္တာပန်းကုံး ဆင်မြန်းသုံးနိုင်လျှင် အနီးနေသူများနှင့်လည်း အဆင်ပြေနိုင် သကဲ့သို့ အဝေးရောက်နေသူများနှင့်လည်း အဆင်ပြေနိုင်၏။

စာရေးသူ၏ ပတ်ဝန်းကျင်တွင်လည်း မေတ္တာဓာတ်ကို လက်တွေ့ပွားများ အားထုတ်ကြည့်မိသည့်

အတွက် အဆင် ပြေသွား သူများအကြောင်း တစ်စေ့တစ်စောင်း ကြားသိရ၏။ ဒကာလေး အချို့သည် မြန်မာပြည်မှ ဘုမသိ ဘမသိဖြင့် သူများနိုင်ငံတွင် အလုပ်လုပ်ရန် ရောက်လာခဲ့၏။ ရောက် ရောက်ချင်းပင် စကားနားမလည်မှု၊ ယဉ်ကျေးမှု မတူညီမှု၊ အကျင့်စရိုက် မတူညီမှု စသည်များကြောင့် အခက်အခဲ အမျိုးမျိုး ကြုံကာဒုက္ခ ရောက်ရကြောင်း အထူးသဖြင့် မိမိထက်အလျှင် စောရောက်နေသည့် ရွှေခံမြန်မာ ကြောင့် လည်း စိတ်ဖိစီးမှုများ ကြုံရကြောင်း စသဖြင့် လျှောက်လာ သဖြင့် စာရေးသူမှ မေတ္တာပွားများကြည့်ရန် အကြံပြုဖြစ်၏။ မေတ္တာပွားသည့်အခါ မိမိကိုယ်ကို အလျင်စပွားပြီး နောက် ကိုယ်စောင့်နတ်၊ အခန်းစောင့်နတ်၊ စက်ရုံအလုပ်ရုံ စောင့် နတ် စသည်များကိုလည်း ပွားများကာ မိမိ၏ စက်ရုံသူဌေး၊ လုပ်ဖော်ကိုင်ဖတ် စသူများကိုလည်း တစ်ဦးချင်း စိတ်ဖြင့် မြင်အောင်ကြည့်၍ အမှန်ပင် အကျိုးလိုလားသည့် သဘော ဖြင့် ပွားများကြည့်ရန်၊ အထူးသဖြင့် မိမိနှင့် ကတောက်ကဆ ဖြစ်နေသည့် ကိုရွှေမြန်မာအားလည်း စစ်မှန်သည့် စေတနာ မေတ္တာဖြင့် ဒေါသအာဃာတ မပါသည့်စိတ်ဖြင့် မေတ္တာပွား ကြည့်ရန် အကြံပြုဖြစ်၏။ ထိုဒကာလေးများလည်း ယုံယုံ ကြည်ကြည်ဖြင့် စိတ်ပါလက်ပါ ပွားများ ကြည့်သည့်အခါ တစ်ပတ် အကြာမှာပင် ထူးထူးခြားခြား အကျိုးတရားများ ရရှိလာကာ အားလုံး၏ချစ်ခင်မှု၊ အရေးပေးမှုများအထိ ဖြစ်ခဲ့ ကြောင်း ပြန်လည် လျှောက်ထားလာကြ၏။ ယခုအခါတွင် ကား အဆင်ပြေမှုများဖြင့် ချမ်းသာနေသည်ဟု ဆို၏။

ဒကာတစ်ယောက် ဆိုလျှင်လည်း နှစ်ပေါင်းမြောက်များစွာ ကွဲကွာနေသည့် အဖေးရောက် ပုဂ္ဂိုလ် တစ်ယောက် အကြောင်း သတင်းရလို၊ အဆက်အသွယ် ရလိုသဖြင့် မည်သို့ မည်ပုံ ပြုလုပ်သင့်ကြောင်း အကြံတောင်း လျှောက်ထား လာသဖြင့် စာရေးသူမှ ထိုသူအား အာရုံပြုကာ မေတ္တာသာ စူးစူးစိုက်စိုက် ပွားများလိုက်ရန် အကြံပြုဖြစ်ခဲ့၏။ ထို ဒကာလေးလည်း စေတနာအမှန်ဖြင့် အာရုံတွင် မြင်အောင် ကြည့်ကာ ပွားများခဲ့၏။ မေတ္တာပို့သမှုကို နေ့စဉ်လုပ်လာ၍ နှစ်ပတ်ခန့်ကြာသည့်အခါ ထူးထူးခြားခြား အဆက်အသွယ် ရလာကာ မေတ္တာ အပို့ခံရသူသည်လည်း တစ်ပတ်လုံးလုံး ထိုဒကာလေးကို သတိတရ ဖြစ်မိနေကြောင်း တစ်ဆင့်စကား ဖြင့် ပြန်သိခဲ့ရ၏။ တိုက်ဆိုင်သည်ဖြစ်စေ၊ မတိုက်ဆိုင်သည် ဖြစ်စေ မေတ္တာအစွမ်း၏ ထူးခြားမှုကား အထင်အရှားပင် ဖြစ်ပါ၏။

အထက်ပါ ဒကာလေးများ၏ အဖြစ်များကို ပြန်လည် ကြား သိရသည့်အခါ မေတ္တာ၏ အခြားမရှိ၊ အကြား မရှိသည့် သဘောကို ကောင်းစွာခံစားမိခဲ့၏။ မေတ္တာသည် အနီးတွင် လည်း ထူးခြားမှုနှင့် အဆင်ပြေမှုကို ဖြစ်စေသကဲ့သို့ အဝေး တွင်လည်း အခြားမရှိ ကောင်းမြတ်သည့် သက်ရောက်မှုကို ဖြစ်စေခဲ့၏။ လူအချင်းချင်း မေတ္တာ ထားနိုင်လျှင် လှည့်ပတ် ခြင်းလည်းကင်း၊ အထင်သေးမှုလည်းကင်း၊ ဆင်းရဲမှုလည်း ကင်းနိုင်ကြမည်သာ ဖြစ်၏။ မေတ္တာဓာတ်သည် အချင်းချင်း အနိုင်ယူလိုမှု၊ နှိပ်စက်လိုမှု ဒေါသကို သက်သာစေနိုင်ကာ အေးငြိမ်းမှုကို ဖြစ်စေသဖြင့် မေတ္တာထားနိုင်သမျှ လောက ဆက်ဆံရေးလည်း အဆင်ပြေ ကောင်းမွန်နေကြမည်သာ ဖြစ်ပါ၏။ ထို့ကြောင့် လူအချင်းချင်း အပြိုင်းကင်းစေရန် မေတ္တာတရား လက်ကိုင်ထားကြပါဟု တိုက်တွန်းကြခြင်း ဖြစ်ပါ၏။

ဆိုလိုသည်မှာ လူအတော်များများ တစ်ဦးနှင့် တစ်ဦးကြား အဆင်မပြေ ဖြစ်ကြရခြင်းသည် အနီးတွင် အတူတကွ ရှိ နေကြ၍ မဟုတ်သကဲ့သို့၊ အစဉ်ပြေနေကြခြင်း သည်လည်း အဝေးတွင် ရှိနေကြ၍ မဟုတ်ဘဲ တစ်ဦးချင်းတွင် ရှိနေကြ သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသည့် တရားများ အားကြီးလာမှုနှင့် ငြိမ်းချမ်းမှုကို ဖြစ်စေတတ် သည့် မေတ္တာတရား

ခေါင်းပါးလာမှုများကြောင့်သာ ဖြစ် ကြောင်း ဆိုလိုပါ၏။ မေတ္တာတရား မရှိကြလျှင် လူအချင်း ချင်း ပြိုင်ဆိုင်လာတတ်ပြီး ပြိုင်ဆိုင်လာလျှင် အနိုင်ရလိုမှု လည်း အားကြီးလာသဖြင့် သူ့ကိုယ်နှိပ် ကိုယ့်သူနှိပ်ကာ ပြိုင်လာခြင်းကြောင့် မညီညွတ်မှုကို ပိုမိုဖြစ်စေတတ်ကြောင်း ၊ မေတ္တာတရား ထားနိုင်ကြလျှင်ကား အချင်းချင်း နှိပ်စက် ခြင်းကင်းကာ ငြိမ်းချမ်းခြင်းကို ဖြစ်စေမှာ အမှန်ပင် ဖြစ်ပါ ကြောင်း ဆိုလိုရင်း ဖြစ်ပါ၏။

ထို့ကြောင့် လူတို့သည် နေရသည့် အခိုက်အတန့်တွင် တစ်ဦးနှင့်တစ်ဦး အဆင်ပြေပြေ ရှိကြစေရန် အနီးနေသူ ဖြစ်စေ၊ အဝေးရောက်သူ ဖြစ်စေ မည်သူမဆို နားလည်မှုနှင့် မေတ္တာစုကို ပေါင်းစပ်ကာ ကောင်းမြတ်သည့် စိတ်ထားဖြင့် သူ့တပါးအပေါ် အထင်သေးမှု၊ ညှင်းစဲမှု၊ ဆင်းရဲစေလိုမှုများ မဖြစ်ကြစေဘဲ အကျိုးလိုလားသည့် စိတ်ဖြင့် အနီးတွင် ရှိသူတွင်ဖြစ်စေ အဝေးရောက်နေသူတွင် ဖြစ်စေ မေတ္တာ တရား ထားနိုင်အောင်သာ ကြိုးစားကြရန်နှင့် လူအချင်းချင်း ခွဲခြားမှုနှင့် အဝေးအနီး အကြားမရှိမှုကို ဖြစ်စေသည့် မေတ္တာ တရားကိုသာ လက်ကိုင်ထားနိုင်ရန် ကြိုးစားကြရမည်သာ ဖြစ်ပါကြောင်း အသိပေးတင်ပြရင်း မင်းကွန်း ဆရာတော် ဘုရားကြီး၏ မေတ္တာပို့ဆောင်ပုဒ်လေးဖြင့် နိဂုံးကမ္ပတ် အဆုံး သတ်လိုက်ပါသည်။

-လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ...
-အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ...
-ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ...

စာရေးသူ = အရှင်ဂိစိတ္တ (မနာပဒါယီ)